သာစည်မြို့နယ်
ဟံဇား ကျေးရွာအုပ်စု၊ ဟံဇား ကျေးရွာ

ဟံဇား ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဟံဇား ကျေးရွာ၊ သာစည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ် လ

မာတိကာ

မာတိကာ ၂

စကားချီး ၄

သာစည်မြို့နယ်၊ ဟံဇား ကျေးရွာအုပ်စု၊ ဟံဇား ကျေးရွာ၏ **သယံဇာတပြမြေပုံ** ၅

သာစည်မြို့နယ်၊ ဟံဇား ကျေးရွာအုပ်စု၊ ဟံဇား ကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၆

သာစည်မြို့နယ်၊ ဟံဇား ကျေးရွာအုပ်စု၊ ဟံဇား ကျေးရွာ၏ **ကျေးရွာတွင်း၊ ရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ** ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

၁. နိဒါန်း

(က) ရည်ရွယ်ချက် ၈

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု ၈

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု ၉

၂. ကျေးရွာ၏တည်နေရာ၊ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား ၁၀

(ခ) သဘာဝအရင်းအမြစ်များ ၁၁

၃. ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အကြောင်းအရာများ ၁၁

(ခ) စီးပွားရေးအခြေအနေ- ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၂

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု အခြေအနေ ၁၂

(ဃ) ကျန်းမာရေးနှင့် အာဟာရ ၁၃

(င) ပညာရေးနှင့် ကျွမ်းကျင်မှု ၁၃

(စ) ကျား/ မ ဆိုင်ရာ ဆက်နွယ်မှု ၁၄

၄. ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၁၄

(ခ) စိုက်ပျိုးရေးနှင့် သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ ၁၅

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ ၁၆

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝ သယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၇

(င) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၇

(စ) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ၁၇

(ဆ) သောက်သုံးရေ ရရှိမှုနှင့် သန့်ရှင်းမှု ၁၈

(ဇ) ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ ၁၈
(ဈ) လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား ၁၉
(ည) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု ၁၉
(ဋ) လျှပ်စစ်မီးသုံးစွဲမှု အခြေအနေ ၂၀
(ဌ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အခြေအနေ ၂၀
(ဍ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေ ၂၀
၅. ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသော အခြေအနေကောင်းများ၊ ၂၁
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၁
၆. ဦးစားပေးဆောင်ရွက်မည့် စီမံချက် လုပ်ငန်းများ ၂၁

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၂၃
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ (၄၈) ဇယား ၂၄
- နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုဇယား ၅၀
- နောက်ဆက်တွဲ ၄ ဦးစားပေး စီမံချက် အဆိုပြုလွှာ ၅၄

စကားချီး

ဟံဇား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် (၂၀၁၉-၂၀၂၃) (၅) နှစ်တာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များနှင့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (AVIP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် အ.ထ.က (ဟံဇား) စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များ စသည်တို့အား အဖက်ဖက်မှ ကူညီပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို လည်းကောင်း၊ လိုအပ်သော အကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော ကျေးရွာအုပ်ချုပ်ရေးမှူးအား လည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်း အချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကို လည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်မံဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေး စီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်တော်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဟံဇား ကျေးရွာ၊ သာစည်မြို့နယ်

၂. သာစည်မြို့နယ်၊ ဟံဇားကျေးရွာအုပ်စု၊ ဟံဇားကျေးရွာ၏သယံဇာတပြမြေပုံ



၃. သာစည်မြို့နယ်၊ ဟံဇားကျေးရွာအုပ်စု၊ ဟံဇားကျေးရွာ၏ရာသီခွင်ပြပြကွဒ်ဒိန်



၄. သာစည်မြို့နယ်၊ ဟံဇားကျေးရွာအုပ်စု၊ ဟံဇားကျေးရွာ၏ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



အပိုင်းက

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁. နိဒါန်း

၁. (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေး အခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှ တို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

၁. (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်

တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက် ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များ အနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁. (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်

လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော် ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်း အနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂. ကျေးရွာ၏တည်နေရာ၊ပထဝီအနေအထားနှင့်သဘာဝအရင်းအမြစ်များ

၂. (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဟံဇားကျေးရွာသည်မန္တလေးတိုင်းဒေသကြီး၊မိတ္ထီလာခရိုင်၊သာစည်မြို့နယ်အတွင်းတွင် တည်ရှိပြီး သာစည်မြို့၏မြောက်ဘက် (၁၀) မိုင်ခန့် အကွာ၊ သပြေဝကျေးရွာ အရှေ့ဘက်တွင် တည်ရှိပါသည်။ ရန်ကုန်-မန္တလေးလမ်းဟောင်း၏ အရှေ့ဘက် ကြို့ပင်ကွေ့လမ်းခွမှ ဝမ်းသာ-ဟံဇား-သာဂရ ကျေးရွာချင်းဆက်လမ်းအတိုင်း(၃) မိုင်ခန့်အကွာ ဝမ်းသာကျေးရွာအား ဖြတ်ကျော်၍ ဟံဇားကျေးရွာသို့ ရောက်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက် (၁) မိုင် (၂) ဖာလုံခန့်တွင် ကျောက်ပနား ကျေးရွာ၊ အနောက်ဘက်တွင် ဟံဇားကန် (ဟံဇားအင်း)နှင့်သပြေဝရွာ၊ တောင်ဘက် (၁) မိုင် (၅) ဖာလုံခန့်တွင် တမာကျေးရွာ၊ မြောက်ဘက် (၂) မိုင် (၄) ဖာလုံခန့်တွင် ဒဟတ္တောကျေးရွာ၊ အနောက် မြောက်ဘက်တွင် ဝမ်းသာကျေးရွာ စသည်တို့ တည်ရှိပါသည်။ သာစည်မြို့၏ မြောက်ဘက်ရန်ကုန်-မန္တလေး ကားလမ်းဟောင်းနှင့် သာစည်-တောင်ကြီး ကားလမ်းဆုံရာ သပြေဝကျေးရွာမှ အရှေ့ဘက် သပြေဝ- မြို့ကြီးကုန်း- ဟံဇား ကျေးရွာချင်းဆက် ကျောက်ချောလမ်းအတိုင်း သွားလာ၍လည်းရပြီး လမ်းပန်းဆက်သွယ်ရေးလွယ်ကူပါသည်။

ကျေးရွာသည် မြေပြန့်လွင်ပြင်ဒေသတွင် တည်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်ရန် ယာမြေထက် လယ်မြေပိုများပါသည်။ အပူပိုင်းမိုးခေါင်ရေရှားဒေသဖြစ်ပြီး စိုက်ပျိုးရေးအတွက် မည်သည့် ရေအရင်းအမြစ်မျှမရရှိပါ။ မိုးရေကိုသာ အားထားရပါသည်။ ကျေးရွာတွင်း သောက်သုံးရေ အတွက် မြေအောက်ရေကိုပေ (၁၀၀) ခန့်တူး၍ ရယူသုံးစွဲကြပါသည်။ ကျေးရွာအိမ်ခြေ၏ ၄၀% ရှိသော ကျေးရွာအနောက်ပိုင်း အိမ်ခြေများတွင် မြေအောက်ရေမရှိပါ။

၂. (ခ) သဘာဝအရင်းအမြစ်များ

စိုက်ပျိုးရေးလုပ်ငန်းတွင် ယာမြေထက် လယ်မြေပိုင်ဆိုင်မှု ပိုများပါသည်။ တောင်သူများအနေဖြင့် လယ်/ ယာ မြေစိုက်ပျိုးရာတွင် ဆည်ရေသောက် မဟုတ်ခြင်း၊ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အားထားရခြင်းတို့ကြောင့် တစ်နှစ်နှင့်တစ်နှစ် စိုက်ပျိုးမြေဧက မတူညီပါ။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်သာ ကောင်းမွန်ပါသည်။ ကျေးရွာတွင် ဓါတ်သတ္တုသယံဇာတများ မထွက်ရှိပါ။ သဘာဝ အပင်မျိုးစိတ်များ အနေဖြင့် မြေစာမြက်၊ မြင်းခွာရွက်၊ ကြိတ်မှန်၊ ရှားစောင်းလတ်ပက်၊ ဇီးဖြူပင်၊ ကတက်ပင်၊ မန်ကျည်း၊ တမာ၊ ထနောင်း စသည်တို့ ပေါက်ရောက်ပါသည်။ စာကလေး၊ ဆက်ရက်၊ ခို စသည် ငှက်အမျိုးမျိုးအား တွေ့ရှိရပါသည်။

၃. ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

၃. (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအကြောင်းအရာများ

ကျေးရွာတွင်အိမ်ခြေ (၈၃၈)၊ အိမ်ထောင်စု (၈၃၈)၊ လူဦးရေ ကျား (၁၈၁၀) ဦး နှင့် မ (၂၀၅၆) ဦး စုစုပေါင်း (၃၈၆၆) ဦး ရှိပါသည်။ ကျေးရွာတွင်း တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ အနေဖြင့်(၄.၆) ဦး တွေ့ရှိရပြီး မြန်မာနိုင်ငံတစ်အိမ်ထောင်ပျမ်းမျှလူဦးရေစံနှုန်း (၅) ဦးအောက် (၀.၄) ဦး လျော့နည်းပါသည်။ ကျေးရွာလူဦးရေ ကျား/မ နှိုင်းယှဉ်ရာတွင် အလုပ်လုပ်နိုင်သည့်အရွယ်နှင့် သက်ကြီး ရွယ်ကြီးအရွယ်တို့သည် အမျိုးသမီးဦးရေ ပိုများသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို သက်ရှည်ကျန်းမာသည်ကို တွေ့ရပါသည်။ ကျေးရွာလူဦးရေမှာ နို့စို့အရွယ် ၂.၅ %၊ ၅ နှစ်အောက်ကလေးငယ် ၄.၄%၊ မူလတန်းကျောင်းသားအရွယ် ၄.၆%၊ အလယ်တန်းကျောင်းသားအရွယ် ၆.၃%၊ အလုပ်လုပ်နိုင်သည့်အရွယ် ၇၄.၃%၊ သက်ကြီးရွယ်ကြီး ၇.၈% ဖြစ်ပါသည်။ သက်ကြီးရွယ်ကြီး ၇.၈% ရှိခြင်းသည် ကျေးရွာသူ/ သားများသည် ကျန်းမာရေးကောင်းမွန်ပြီး အသက်ရှည်စွာ နေထိုင်ကြသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် ရွှေ့ပြောင်းသွားလာသူများရှိပါသည်။ ရွှေ့ပြောင်းသွားလာသူများသည် အလုပ်အကိုင်၊ ဝင်ငွေ အခွင့်အလမ်းများအတွက် သွားလာခြင်းဖြစ်ပါသည်။ ကျေးရွာလူဦးရေ၏ (၅.၇%) သည် အလုပ်အကိုင်နှင့် ဝင်ငွေအတွက် ရွှေ့ပြောင်းသွားလာခြင်းဖြစ်ပါသည်။

၃. (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ဟံဇားကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ချည်ထည်ယက်လုပ်သော ယက္ကန်း လုပ်ငန်းဖြစ်ပါသည်။ ယက္ကန်းလုပ်ငန်းတွင် လုပ်သား၊ အိမ်တွင်းစက်မှုလုပ်ငန်းနှင့် အသေးစား စက်မှုလုပ်ငန်း တို့ရှိကြပါသည်။ လုပ်သားများသည် အသေးစားစက်မှုလုပ်ငန်း စက်ရုံများတွင် ဝင်ရောက် လုပ်ကိုင်ကြပြီး တစ်ယောက်ပျမ်းမျှဝင်ငွေမှာ ကျပ် ၃၀၀၀/- မှ ၅၀၀၀/- ထိ ရရှိပါသည်။ လုပ်သားဦးရေသည် အလုပ်လုပ်နိုင်သောအရွယ်ဦးရေ၏ ၃၀% ခန့် ရှိပါသည်။ အိမ်တွင်း စက်မှုလုပ်ငန်း လုပ်ကိုင်သူများသည် လုပ်သားမဌားရမ်းဘဲ မိသားစုလုပ်ကိုင်ခြင်းဖြင့် တစ်ရက်ပျမ်းမျှဝင်ငွေ ကျပ် ၇၀၀၀/- ခန့်ရှိကြပါသည်။ အိမ်တွင်းစက်မှုလုပ်ငန်းလုပ်ကိုင်သူသည် အိမ်ထောင်စု အားလုံး အရေအတွက် ၏ (၃၅%) ခန့်ရှိကြသည်။ အသေးစားစက်မှုယက္ကန်းလုပ်ကိုင်သူများသည် တစ်ရက် ပျမ်းမျှဝင်ငွေ ၂၀၀၀၀/–ကျပ် ခန့်ရရှိကြပြီး အိမ်ထောင်စုအားလုံး၏ (၁%)ခန့် သာရှိပါသည်။ စိုက်ပျိုးရေး လုပ်ကိုင်သူများသည် မိုးလေဝသမမှန်ခြင်း၊ စိုက်ပျိုးရေမလုံလောက်ခြင်း၊ ဆည်ရေသောက် မဟုတ်ခြင်းတို့ကြောင့် ပုံမှန်ဝင်ငွေမရရှိကြပါ။ သီးနှံမရသောနှစ်များတွင် ကျပန်းလုပ်ကိုင်ကြရပါသည်။ အသေးစားစက်မှုလုပ်ကိုင်နိုင်သူများသည် တိုက်တာအဆောက်အဦများ၊ ကိုယ်ပိုင်ကားများ၊ ဖိမ်ခံ ပစ္စည်းများ ပိုင်ဆိုင်ကြသော်လည်း လုပ်သားများမှာ ဝါးထရုံအိမ်၊ စက်ဘီးမျှသာပိုင်ဆိုင်ကြပါသည်။ အချို့အိမ်တွင်းစက်မှုလုပ်ငန်းများမှလည်း ကိုယ်ပိုင်ကားဝယ်ယူနိုင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် သော်လည်းကောင်း၊ လူမှုရေးအတွက်သော်လည်းကောင်း ကားပိုင်ရှင်များမှ ၎င်းတို့၏ကား၊ ထော်လာ ဂျီ၊ သုံးဘီးဆိုင်ကယ်များဖြင့် အကူအညီပေးပါသည်။

၃. (ဂ) ဆင်းရဲမွဲတေမှု၊ထိခိုက်လွယ်မှုအခြေအနေ

ကျေးရွာအခြေအနေအား ဆန်းစစ်ခြင်း**အား**ဖြင့် ဥစ္စာဓနအဆင့် (၁) တွင်အိမ်ထောင်စု (၂.၅%)၊ ဥစ္စာဓနအဆင့် (၂) တွင်အိမ်ထောင်စု **(၄၁.၇၆%)**၊ ဥစ္စာဓနအဆင့် (၃) တွင်အိမ်ထောင်စု **(၃၅.၇၉%)**၊ ဥစ္စာဓနအဆင့် (၄) တွင်အိမ်ထောင်စု **(၁၉.၄၂%)** ရှိကြောင်း တွေ့ရှိရပါသည်။ **အဓိက စီးပွားရေးလုပ်ငန်းဖြစ်သော ချည်ထည်ယက်လုပ်သည့် ယက္ကန်းလုပ်ငန်းဖြစ်ပြီး** ယက္ကန်းလုပ်ငန်းနှင့် ဆက်စပ်၍ တွင်ခုံ၊ ဖောက်ခုံများ ချည်ထည် အရောင်းဆိုင်များ စသည်တို့အား တိုးချဲ့ လုပ်ကိုင်ကြ သည်ကိုလည်း တွေ့ရပါသည်။ **ကျေးရွာသည် စီးပွားရေးအသင့်အတင့်အဆင်ပြေသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။**

ဥစ္စာဓနအဆင့် (၃) နှင့် (၄) ၏၃၀% ဖြစ်သောအိမ်ထောင်စု(၁၃၉) စု အား စစ်တမ်းကောက်ယူရာ **အားလုံး**သည် ငွေကြေးချေးယူ၍ ဖြေရှင်းကြ**ပါသည်။** ချေးယူရခြင်းမှာ **ပညာ ရေး**၊ ကျန်းမာရေး၊ နေထိုင်ရေးနှင့် အခြား**အသုံးအဆောင်**ပစ္စည်းများဝယ်ယူရန် အတွက်**ဖြစ်ပါသည်။**

ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု (၂၀) စု၊ ဆင်းရဲ ၍ မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု (၁၇) စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွား ရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု (၃) စုရှိပါသည်။

၃. (ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရာသီအကူးအပြောင်းကြောင့်ဖြစ်တတ်သော နာစေး၊ ချောင်းဆိုးရောဂါများ၊ ယက္ကန်းလုပ်ငန်းကြောင့်ဖြစ်သော အဆုတ်ရောဂါ စသည်တို့ အနည်းငယ်ဖြစ်ကြပါသည်။ မိုးတွင်းကာလ တွင် ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါများသည် ကလေးငယ်များတွင် ဖြစ်ပွားလေ့ရှိသော်လည်း ကုသမှုလက်လှမ်းမီသောကြောင့် ပျံ့နှံ့မှုနည်းပါသည်။ တီဘီ၊ ဆီးချို၊ သွေးတိုး၊ အသည်းရောဂါ (ဘီ၊စီ) ဖြစ်ပွားသူများ အနည်းငယ်တွေ့ရပြီး တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေး ဌာနတို့ ရှိသောကြောင့် ကုသမှု လက်လှမ်းမီပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှ နှစ်စဉ်ကာကွယ် ဆေးများပုံမှန်ထိုးနှံပေးပါသည်။ ကျောင်းတွင် စီးပွားရေးအဆင်ပြေသူများမှ လစဉ်တိုင်း အာဟာရဒါန တိုက်ကျွေးပါသည်။

ကျေးရွာ၏ အိမ်ထောင်စု အားလုံးနီးပါး ယင်လုံအိမ်သာကို သုံးစွဲကြပါသည်။ တွင်း/ ဧလားအိမ်သာ သုံးစွဲသော အိမ်ထောင်စု (၃) စု ခန့် ရှိသောကြောင့် ကျန်းမာရေးအသိပညာပေးရန် လိုအပ်ပါသည်။

၃. (င) ပညာရေးနှင့်ကျွမ်းကျင်မှု

ဟံဇားကျေးရွာတွင် အထက်တန်းကျောင်း (၁) ကျောင်း၊ မူလတန်းကျောင်း (၂) ကျောင်း နှင့် ဘုန်းတော်ကြီးသင်အလယ်တန်းကျောင်း (၁) ကျောင်းရှိသောကြောင့် အတန်းပညာတတ်မြောက်မှု မြင့်မားပါသည်။ ကျေးရွာတွင်**စာတတ်မြောက်မှုနှုန်းအနေဖြင့်**စာမတတ်သူဦးရေသည်(၅) ဦးသာ ရှိပြီး အသက် (၆၀) နှင့်အထက် လူကြီးများဖြစ်ပါသည်။ **မူလတန်း ပညာအဆင့်ရှိသူသည် ကျောင်းနေအရွယ် လူဦးရေ၏ ၂၁.၅၆%၊ အလယ်တန်းပညာအဆင့်ရှိသူ ၄၃.၉၅%၊ အထက်တန်းပညာအဆင့်ရှိသူ ၂၈.၅၆% နှင့် တက္ကသိုလ်/ ကောလိပ်အဆင့်ရှိသူ ၁၃.၁၉% စသည်ဖြင့် အသီးသီးရှိပါသည်။**

ကျေးရွာတွင် တက္ကသိုလ်/ ကောလိပ်အဆင့်တွင် အမျိုးသမီးဦးရေများခြင်းကြောင့် အမျိုး

သမီးများသည် ရှေးယခင်နှစ်များထက် ပညာရေးတွင် အားထားလာသည်ကို တွေ့ရပါသည်။ မူလတန်း ကျောင်းနေအရွယ် ကလေးတိုင်း (၁၀၀%) ကျောင်းနေကြပါသည်။ အလယ်တန်း ကျောင်းနေအရွယ် ကလေး၏ (၈၀%)၊ အထက်တန်းကျောင်းနေအရွယ်ကလေး၏ (၇၅%) ခန့် ကျောင်းတက်နိုင်ကြပါသည်။ အထက်တန်း (၁၀) တန်း အောင်မြင်သူများ၏ ၉၈% မှာ တက္ကသိုလ် တက်ရောက်ကြပါသည်။

ကျေးရွာတွင် ယက္ကန်းလုပ်ငန်းအား အဓိက လုပ်ကိုင်ကြပြီး ရိုးရာလက်မှုပညာဖြစ်သော လက်ယက္ကန်းမှ စက်မှုပညာဖြစ်သော စက်ယက္ကန်းသို့ ပြောင်းလဲလာသောကြောင့် ရိုးရာလက်မှုပညာသည် တိမ်ကောလုနီးပါး ဖြစ်နေပါသည်။ အသက်မွေးဝမ်းကျောင်းပညာတွင် ယက္ကန်းလုပ်ငန်းကို ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ကြပြီး၊ ယက္ကန်းနှင့်ဆက်စပ်သော အထည်ဒီဇိုင်းပညာရှင်များ၊ ယက္ကန်းစင် ပြုပြင်သော စက်ဆရာများ၊ ယက္ကန်းစင် ထုတ်လုပ်သော တွင်ခုံ၊ ဖောက်ခုံ ကျွမ်းကျင်သူများ ရှိကြပါသည်။

၃. (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျားမဆိုင်ရာ ဆက်နွယ်မှုသည် များစွာ ကွာခြားမှုမရှိပါ။ ပညာရေးဆိုင်ရာ ကဏ္ဍတွင် အတန်းပညာ တတ်မြောက်မှု အနေဖြင့် အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူအခွင့်အရေး ရကြပါသည်။ ကျေးရွာ ရပ်ရေးရွာရေးကိစ္စများတွင် အမျိုးသမီးများ ပါဝင်နိုင်မှု အခွင့်အရေး ရှိသော်လည်း "မြန်မာအမျိုးသမီးများသည် အိမ်မှုကိစ္စများသာ လုပ်ကိုင်ကြရသည်" ဟူသော ရှေးရိုးစွဲ အယူအဆများကြောင့် ရပ်ရေးရွာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု အားနည်းပါသည်။

၄. ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

၄.(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ပရဟိတ အသင်းများဖြစ်သော ဖြူစင်နှလုံးသား နာရေးကူညီမှုအသင်း၊ ဓမ္မသုခ ပရဟိတအသင်း၊ ရပ်ကွက်ကာလသားအသင်း၊ ပင်နီအလင်း စာကြည့်တိုက်အသင်းအဖွဲ့၊ ရွှေညီအကို ပရဟိတအသင်းနှင့် ဗုဒ္ဓဝေယျာဝစ္စ ဆွမ်းတော်ကြီးအသင်းစသည့် အဖွဲ့အစည်းများ ရှိပါသည်။ ရပ်ကွက်အသီးသီး၌ သာရေး/ နာရေး လူမှုရေးကိစ္စများအတွက် ကာလသား အသင်းကို ဖွဲ့စည်းပြီး ပရဟိတ လုပ်ကိုင်ကြသည်။ ဖြူစင်နှလုံးသား နာရေးကူညီရေးအသင်းသည် နာရေးကိစ္စများ၊ ကျန်းမာရေးကိစ္စများကို ပရဟိတ ဆောင်ရွက်ကြပါသည်။ ဓမ္မသုခပရဟိတ အသင်းကြီးသည် တရားပွဲ ဖြစ်မြောက်ရေးအတွက် လည်းကောင်း၊ ရွှေညီကို အသင်းသည် တရားပွဲ အခမ်းအနားပြင်အတွက် လည်းကောင်း၊ ဓမ္မစကြံာဝတ်အသင်းသည် ဘာသာရေးပွဲများတွင် ဓမ္မစကြံာ ရွတ်ဆိုဝတ်ပြု၍ လည်းကောင်း ပရဟိတဒါနပြုကြပါသည်။ အဖွဲ့အစည်းများတွင် အမျိုးသား၊ အမျိုးသမီးများ ပါဝင်ကြ

သည်ကို တွေ့ရပါသည်။ စည်းလုံး၍ စွမ်းဆောင်နိုင်မှုလည်း ကောင်းပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းများ အနေဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဖြစ်သော ရန်ကုန်အသင်း၊ မန္တလေးအသင်းနှင့် တောင်ကြီး အသင်းဟူ၍ ရှိပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လိုအပ်သော ငွေကြေးများကိုထောက်ပံ့ပေးပါသည်။ စီးပွားရေးအခြေအနေအရ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် အခြေချနေထိုင်သော ကျေးရွာ လုပ်ငန်းရှင်များမှ အသင်းဖွဲ့၍ ကျေးရွာသို့ ပံ့ပိုး ပေးခြင်း ဖြစ်ပါသည်။

၄. (ခ) စိုက်ပျိုးရေးနှင့် သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ယက္ကန်း လုပ်ငန်းဖြစ်ပြီး စိုက်ပျိုးရေးကို လုပ်ကိုင်သူ နည်းပါးပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ ၂၉.၉၅% သည် မြေယာပိုင်ဆိုင်သူများ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ တောင်သူကြီး အိမ်ထောင်စု (၂၁) စု၊ တောင်သူလတ် (၅၆) စု၊ တောင်သူငယ် (၁၅၂) စု နှင့် ဆင်းရဲသား တောင်သူ (၂၂) စု ရှိပါသည်။ စိုက်ပျိုးမြေသည် လယ်မြေများဖြစ်သော်လည်း စိုက်ပျိုးရေ အရင်းအမြစ် မရရှိသောကြောင့် ရေသွင်းဧရိယာ မရှိပါ။ မိုးရေကိုသာ အားထားရပါသည်။

သီးနှံများမှာ စပါးနှင့် နှမ်းကိုသာ စိုက်ပျိုးကြပါသည်။ စပါးစိုက်ဧက (၁၀၆၇) ဧက စိုက်ပျိုးကြပြီး တစ်ဧက အနည်းဆုံးထွက်နှုန်း (၅၀) တင်းမှ အများဆုံး (၈၀) တင်းထိ ထွက်ပါသည်။ သီးနှံစိုက်ပျိုးကာလမှ မိုးတွင်း ဝါဆိုလမှ သီတင်းကျွတ်ကာလထိ ဖြစ်ပါသည်။ စပါးသည် သွင်းအားစု လိုအပ်ချက်များပြီး အမြတ်ရရှိမှု နည်းပါသည်။ နှမ်းကို (၉၀) ဧကခန့် စိုက်ပျိုးကြပြီး တစ်ဧက အနည်းဆုံးထွက်နှုန်း (၁) တင်းမှ အများဆုံး (၃) တင်းထိ ထွက်ပါသည်။ သီးနှံစိုက်ပျိုးကာလမှာ နယုန်လမှ တော်သလင်းလထိဖြစ်ပါသည်။ သွင်းအားစု လိုအပ်ချက်နည်းပြီ' အမြတ်ရရှိမှု အသင့်အတင့် ရှိပါသည်။ လယ်ယာသုံးစက်ကရိယာ ပိုင်ဆိုင်မှု အနေဖြင့် တစ်ဦးချင်းပိုင်သော လက်တွန်းထွန်စက် (၃) ခု၊ ရေစုပ်စက် (၂) ခု ရှိပြီး လက်တွန်းထွန်စက်အား အခြားတောင်သူများမှ ငှားရမ်းသုံးစွဲကြပါသည်။

ကျေးရွာတွင် နွားကို အိမ်ထောင်စု (၇၅) စုမှ အကောင်ရေ (၃၂၀) ကောင်ခန့်၊ နို့စားနွား ကို အိမ်ထောင်စု (၅၀) မှ အကောင်ရေ (၂၂၀) ခန့်၊ ဆိတ်ကို အိမ်ထောင်စု (၃) စုမှ အကောင်ရေ (၅၀) ခန့်၊ ဝက်ကို အိမ်ထောင်စု (၆၀) ခန့်မှ အကောင်ရေ (၁၀၀) ခန့်၊ ကြက်ကို အိမ်ထောင်စု (၃၀) ခန့်မှ မွေးမြူကြပါသည်။ မွေးမြူရေးလုပ်ကိုင်သူများသည် စီးပွားဖြစ်မွေးမြူခြင်းမဟုတ်ဘဲ တစ်ပိုင်တစ်နိုင် မွေးမြူခြင်းဖြစ်ပါသည်။ နို့စာနွားများသည် မျိုးကောင်းမျိုးသန့်များ ရွေးချယ်၍ စနစ်တကျ မွေးမြူခြင်း မဟုတ်ပါ။ နွားနှင့် ဆိတ် များကို စားကျက်သို့လွှတ်၍ ထိန်းကျောင်း မွေးမြူကြပါသည်။

မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် မြေနေရာ အသင့်အတင့်ရှိခြင်း၊ ချေးငွေများကိုလည်း ပုဂ္ဂလိကဘဏ်၊နှင့် အသေးစားချေးငွေလုပ်ငန်းများမှ အသင့်အတင့်ရရှိနိုင်ခြင်း၊ သွင်းအားစုများ

ဖြစ်သော မွေးမြူရေးအစာ၊ ဆေး တို့ကို အလွယ်တကူ ရနိုင်ခြင်းနှင့် ထုတ်ကုန် အလွယ်တကူ ရောင်းချနိုင်ခြင်း စသည့် မွေးမြူရေးလုပ်ငန်း တိုးတက်စေသည့် အခွင့်အလမ်း ကောင်းများ ရှိပါသည်။ မွေးမြူရေးလုပ်ကိုင်သူများ၏ အဓိက ပြဿနာမှာ မိုးခေါင်ရေရှားခြင်းကြောင့် စားကျက်မြေများတွင် နွားများ စာသုံးရန် မြက်ပင်များ ပေါများစွာ မပေါက်ခြင်းဖြစ်သည်။ ကျွဲ၊ နွား တိရစ္ဆာန်သောက်သုံး ရေကန် ရှိသော်လည်း မိုးခေါင်သောကြောင့် ရေရှားပါးပါသည်။

၄.(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားစီးပွားရေးလုပ်ငန်းများ

ကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သော စက်ယက္ကန်းလုပ်ငန်းကို ကျေးရွာ၏ ၉၀% ခန့်မှ လုပ်ကိုင်ကြပြီး ယက္ကန်းစက် ပိုင်ဆိုင်မှု ပေါ် မူတည်၍ ဆင်းရဲချမ်းသာ အနည်းငယ် ကွာခြား သွားပါသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် အသေးစားစက်မှု လုပ်ငန်းတည်ထောင်သူများ၊ စတိုးဆိုင်ပိုင်ရှင်များ ဖြစ်ပါသည်။ အလယ်အလတ် အိမ်ထောင်စုနှင့် မပြေလည်သော အိမ်ထောင်စုများ သည် စက်ယက္ကန်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ပါသည်။ ယက္ကန်းလုပ်ငန်းသည် ဝင်ငွေ ပုံမှန်ရသော လုပ်ငန်းဖြစ်ပြီး တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြသည်။ တွဲဖက်လုပ်ငန်းအဖြစ် စိုက်ပျိုး ရေးကို လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အားထားရသောကြောင့် နှစ်စဉ် ပုံမှန် မစိုက်ပျိုးနိုင်ပါ။ ရာသီဥတုမှန်သောနှစ်တွင် သီးနှံရ၍ ဝင်ငွေပိုလျှံကြပါသည်။ အလွန်အဆင်မပြေသော အိမ်ထောင်စုများမှာ နေ့စား၊ ကျပန်း အလုပ်သမားများ ဖြစ်ပါသည်။

ယက္ကန်းလုပ်ငန်းကို အိမ်ထောင်စုအားလုံးနီးပါး လုပ်ကိုင်ကြပါသည်။ ကိုယ်ပိုင် အရင်း အနှီး ထောင်၍ အသေးစားလုပ်ငန်းအဖြစ် ဆောင်ရွက်သော အိမ်ထောင်စု (၁၀) စု၊ ယက္ကန်းစက်များ ဝယ်ယူပြီး ကိုယ်ပိုင်လုပ်ကိုင်သော အိမ်ထောင်စု ၅၁.၃% အလုပ်သမား အဖြစ် လုပ်ကိုင်သော အိမ်ထောင်စု ၄၁.၇% ခန့် ရှိပါသည်။ ယက္ကန်းလုပ်ငန်းနှင့် ဆက်စပ်၍ တွင်ခုံ၊ ဖောက်ခုံများ ချည်ထည် အရောင်းဆိုင်များ စသည်တို့အား တိုးချဲ့လုပ်ကိုင်ကြသည်ကိုလည်း တွေ့ရပါသည်။ စိုက်ပျိုးရေးလုပ်ငန်း ကို တွဲဖက်လုပ်ကိုင်သော အိမ်ထောင်စု ၅၇% ခန့် ရှိပြီး၊ လက်သမား၊ ပန်းရံလုပ်ငန်း လုပ်ကိုင်ခြင်း၊ စတိုးဆိုင်၊ ကုန်စုံဆိုင်နှင့် အထက်တန်း ဘော်ဒါဆောင် ဖွင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည် ကိုလည်း တွေ့ရှိရပါသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် စိုက်ပျိုးရေခက်ခဲ၍ မိုးရေကိုသာ အားထားရသော ကြောင့် လုပ်ငန်းလုပ်ကိုင်သူ နည်းပါးပါသည်။ စက်ယက္ကန်းလုပ်ငန်းကို လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်မှ စ၍ မိရိုးဖလာ အစဉ်အဆက် လုပ်ကိုင်လာခဲ့ခြင်းဖြစ်ပါသည်။ ကုန်ကြမ်းဖြစ်သော ချည်ထုပ်အဖြစ် အိန္ဒိယ၊ တရုတ်နိုင်ငံဖြစ် ပစ္စည်းကို အသုံးပြု၍ မန္တလေးမြို့မှ ဝယ်ယူပါသည်။ ယက်လုပ်ပြီးသော ချည်ထည်

(ပုဆိုး၊ လုံချည်၊ အမျိုးသမီးဝတ် ဝမ်းဆက်ဆင်အထည်၊ ခြင်ထောင်ဇာ၊ ပတ်တီး) များကိုဝမ်းတွင်းမြို့၊ မန္တလေးမြို့၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချပါသည်။

ချည်ထည်ယက်လုပ်သောလုပ်ငန်းတွင် အဓိက အခက်အခဲမှာ လုပ်သားရှားပါးခြင်း၊ လိုအပ်သော ကုန်ကြမ်းများသည် တရုတ်၊ အိန္ဒိယနှင့် ယိုးဒယား စသည့် နိုင်ငံများမှသာ တင်သွင်းရသောကြောင့် ဈေးနှုန်းမြင့်ခြင်း၊ လိုသလို မရနိုင်ခြင်း၊ ကျေးရွာမှ မြို့သို့ချဉ်းကပ်လမ်းသည် မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းကာလတွင် သွားလာရ ခက်ခဲခြင်းတို့ ဖြစ်ပါသည်။

၄. (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု

ကျေးရွာမှ တောင်သူများသည် ယခုနှစ်များတွင် မိုးခေါင်သောကြောင့် စိုက်ပျိုးရေ အခက်အခဲနှင့် ကြုံတွေ့ရပြီး သီးနှံဖြစ်ထွန်းမှုနည်းသောကြောင့် လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်မှုနည်းကြပါသည်။ စိုက်ပျိုးရေးမလုပ်ကိုင်သောလယ်မြေများတွင် အလေ့ကျပင်များပေါက်နေပြီး မြေဆီဩဇာဆုံးရှုံးပါသည်။ စွန့်ပစ်အမှိုက်များအား စနစ်တကျ စီမံခန့်ခွဲခြင်း စနစ်မရှိပါ၊ ကျေးရွာ၏ အပြင်တွင် စည်းကမ်းမဲ့ ပစ်ထားသောကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ စနစ်၊ အသိအမြင်များအား ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် လိုအပ်ပြီး စနစ်တကျ ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါသည်။

၄. (ငါ) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေ ရယူသူများ ရှိပါသည်။ လယ်ယာမြေ ပိုင်ဆိုင်သော တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူကြပါသည်။ ပုဂ္ဂလိက ချေးငွေ ချေးယူသူများလည်းရှိပါသည်။ အတိုးနှုန်းမှာ (၂%)မှ (၅%) ထိ ဖြစ်ပြီး ချေးယူသူ အိမ်ထောင်စု ၂၅% ခန့် ရှိပါသည်။ သမဝါယမချေးငွေ ယူဆောင်သူ အိမ်ထောင်စု ၁၅% ခန့် ရှိပါသည်။ နေ့စားအလုပ်သမား များသည် စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ဆွေးမျိုးနှင့် ငွေတိုးပေးသူများထံမှ ချေးယူကြရပါသည်။

ကျေးရွာတွင် Wave Money ဆက်သွယ်ရေး စနစ်သုံးသော ငွေလွှဲလုပ်ငန်း ရှိပါသည်။ အဆိုပါ စနစ်သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်လည်း အထောက်အကူပြုသည်။

၄. (စ) ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှုများ

ကျေးရွာတွင် တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းနှင့် တိုင်းရင်းဆေးပေးခန်းများ ရှိပါသည်။ ကျေးလက်ကျန်းမာရေး ဌာနမှ ကာကွယ်ဆေးများ ပုံမှန် ထိုးနှံပေးပါသည်။ တိုက်နယ်ဆေးရုံသည် အခန်း၊ ကုတင်လုံလောက်မှုရှိပြီး ကျန်းမာရေး စောင့်ရှောက်မှု ကောင်းမွန်ပါသည်။ ကျေးရွာတွင်းတွင် ဆေးဆိုင်များ ရှိသော်လည်း ဆေးများမှာ စုံလင်မှုမရှိပါ။ ဆေးဆိုင်ငယ်များ သာဖြစ်ပါသည်။

ပုဂ္ဂလိက ဆေးခန်းလည်းရှိပြီး ကျေးရွာနှင့်အနီးတဝိုက်ကျေးရွာများမှ ကျန်းမာရေး ကဏ္ဍအတွက် အထူးအားထားရပါသည်။

၄. (ဆ) သောက်သုံးရေ ရရှိမှုနှင့် သန့်ရှင်းမှု

ကျေးရွာ၏ ပထဝီဝင် အနေအထားအရ ကျေးရွာ၏ အရှေ့ဘက်ပိုင်း (၆၅%) ခန့်သည် မြေအောက် အဝီစိရေ ရရှိပြီး ကျေးရွာ၏ အနောက်ပိုင်း (၃၅%) ခန့်သည် မြေအောက်ရေ မရရှိပါ။ အဝီစိရေ ရရှိသော အိမ်ထောင်စု (၆၃၀) စုသည် စက်တပ် အဝီစိတွင်းများ တူးပီး သောက်သုံးရေ သုံးစွဲကြပါသည်။ အဝီစိရေ မရသော ကျန်အိမ်ထောင်စုများမှာ ရေရရှိသော အပိုင်းမှ ရေပိုက်များဖြင့် သွယ်တန်း၍ ဝယ်ယူ သုံးစွဲကြပါသည်။ သောက်သုံးရေ လုံလောက်မှု ရှိပါသည်။

ကျေးရွာ အိမ်ထောင်စု အားလုံး ယင်လုံအိမ်သာ ကို အသုံးပြုကြပါသည်။ တွင်း/ ဇလား အိမ်သာ အသုံးပြုသော အိမ်ထောင်စု (၃) စုခန့် ရှိပြီး ယင်လုံအိမ်သာ သုံးစွဲနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။ အဆင်ပြေသော အချို့အိမ်ထောင်စုများမှာ ရေဆွဲအိမ်သာကို အသုံးပြုကြပါသည်။ အခြေခံ ကျန်းမာရေး အသိပညာ ဗဟုသုတ ရှိကြပါသည်။

၄. (ဇ) ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ

ကျေးရွာတွင် အထက်တန်းကျောင်း (၁) ကျောင်း၊ မူလတန်းကျောင်း (၂) ကျောင်းနှင့် ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်း (၁) ကျောင်း ရှိပါသည်။ အ.ထ.က (ဟံဇား) ကျောင်း၏ ကျောင်းဆောင်များအနက် ဝါးထရံကာ ကျောင်းဆောင် (၃) ဆောင်မှာ ပျက်စီးနေပြီး အခြားကျောင်း ဆောင် (၂) ဆောင်မှာ အောက်ခြေ အုတ်မြစ်သာကျန်ရှိ၍ အကာများ ယိုယွင်းပျက်စီးနေပါသည်။ လွန်ခဲ့ သော နှစ်ပေါင်း (၅၀) ခန့်က ဆောက်လုပ်ခဲ့သော အုတ်ကျောင်းဆောင် အချို့မှာ ပြန်လည် ပြုပြင်နိုင် ခြင်း မရှိသေးသောကြောင့် အန္တရာယ်ဆောင်အဖြစ် သတ်မှတ်၍ စာသင်ကြား၍ မရပါ။ ကျောင်း ခန်းမ အား စာသင်ဆောင်အဖြစ် အသုံးပြုရပါသည်။ အ.ထ.က (ဟံဇား) သည် တက္ကသိုလ်ဝင် စာမေးပွဲ စာစစ် ဌာန ကျောင်းလည်းဖြစ်ပြီး စာသင်ဆောင်များ တည်ဆောက်ရန်၊ ပြန်လည်ပြုပြင်ရန်မှာ အထူး လိုအပ် နေပါသည်။ ကျောင်းတွင် ဆရာ/ မ (၂၈) ဦးရှိပြီး ကျောင်း၏ ကြမ်းခင်းဧရိယာမှာ ၂၂၀၀၀ စတုရန်းပေ ကျယ်ဝန်းပါသည်။ တပည့်-ဆရာ အချိုး ၄၀:၁ အောက်ရှိပြီး ကျောင်းဆရာ/ မ လုံလောက်မှု ရှိပါသည်။ ကျေးရွာတွင် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ရှိပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်မှု ကောင်းမွန်ပါသည်။

အ.ထ.က (ဟံဇား) ကျောင်းတွင် ကွန်ပျူတာ ဆရာနှင့် ကျောင်းစောင့် လိုအပ်နေပါသည်။ ကွန်ပျူတာ ကျွမ်းကျင်သူမရှိသောကြောင့် မေးခွန်းထုတ်ရာတွင်လည်းကောင်း၊ ရုံးပိုင်းဆိုင်ရာ စာများ ဆောင်ရွက်ရာတွင်လည်းကောင်း အခက်အခဲဖြစ်၍ လုပ်ငန်းများ နှောင့်နှေးရပါသည်။ ကျောင်းတွင် ကလေးကစားကွင်းဆိုင်ရာ ပစ္စည်းများ ရှိသော်လည်း အားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု

နည်းပါးပါသည်။

ကျေးရွာတွင် ပညာရေးဝန်ဆောင်မှု လုပ်ငန်းငယ် (ဘော်ဒါအဆောင်) (၄) ခု ရှိပါသည်။ ထို ပညာရေး ဝန်ဆောင်မှု လုပ်ငန်းများမှ စာပေထူးချွန်အောင် သင်ကြားပေးခြင်း၊ စာရိတ္တ မပျက်ပြားအောင် ထိန်းကျောင်းလေ့ကျင့်ပေးခြင်း၊ ဘာသာရေးအသိဗဟုသုတများ ပို့ချပေးခြင်းတို့ကြောင့် ထူးချွန်ကျောင်းသား/ သူများအား မွေးထုတ်ပေးနိုင်၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါသည်။

၄. (စျ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား

ကျေးရွာတွင် အပန်းဖြေရန်နေရာ သီးသန့်မရှိပါ။ ကျေးရွာတွင် နှစ်စဉ် ကျင်းပလေ့ရှိသော ဘုရားပွဲ၊ ဆွမ်းလောင်းပွဲများရှိပါသည်။ **လူငယ်များသည် ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု အသင့်အတင့် ရှိသော်လည်း လူမှုရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် စိတ်အား ထက်သန်ကြပါသည်။ ကျေးရွာတွင် ဘောလုံးကစားကွင်း (၂) ခုရှိပြီး** ဘောလုံးကန်ခြင်းကို **အားထားကစားကြပါသည်။ လူငယ်** အမျိုးသမီးများအနေဖြင့် အားကစားလိုက်စားမှု **အားနည်းပါသည်။ အခြား** အားကစားအထောက်အကူပြုပစ္စည်းများ **မရှိပါ။** ကျေးရွာ လူငယ်များ ဦးစီး၍ "ပင်နီအလင်း" စာကြည့်တိုက် ဖွင့်လှစ်ထားပါသည်။ ကျေးရွာမှ လူငယ်များအတွက် ဓမ္မစကူးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်များ ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးပါသည်။

၄. (ည) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု၊

ကျေးရွာတွင်း လမ်းများမှာ မြေသားလမ်းများဖြစ်ပြီး မိုးတွင်းကာလတွင် သွားလာရ ခက်ခဲပါသည်။ လမ်းများ အဆင့်မြှင့်တင် ပြုပြင်ခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျေးရွာ ချင်းဆက်လမ်းများမှာ ကျေးရွာ၏အရှေ့ဘက် (၁) မိုင် (၂) ဖာလုံခန့်တွင် ကျောက်ပနား ကျေးရွာ၊ တောင်ဘက် (၁) မိုင် (၅) ဖာလုံခန့်တွင် တမာကျေးရွာ၊ မြောက်ဘက် (၂) မိုင် (၄) ဖာလုံခန့်တွင် ဒဟတ္ထောကျေးရွာ၊ အနောက်မြောက်ဘက်တွင် ဝမ်းသာကျေးရွာ များသို့ အသီးသီး ဆက်သွယ်ထားသော ကျောက်ခြောလမ်းများဖြစ်ပြီး အသင့်အတင့်သာ ကောင်းမွန်ပါသည်။ မြို့သို့သွားရာ အဓိက ချဉ်းကပ်လမ်းဖြစ်သော **ဟံဇား-ဝမ်းသာ-ကြို့ပင်ကွေ့ လမ်းသည် မြေသားလမ်းဖြစ်ပြီး ကျေးရွာ၏ အဓိကလုပ်ငန်း ယက္ကန်း ထုတ်ကုန်/ သွင်းကုန် သယ်ယူပို့ဆောင်ရန်မှာ မိုးတွင်းကာလတွင် သွားလာရ ခက်ခဲသောကြောင့် အဆိုပါလမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ရန် လိုအပ်ပါသည်။**

ကျေးရွာတွင် စည်ပင်သာယာဈေးရှိပြီး (၅) ရက် တစ်ဈေးဖြစ်ပါသည်။ ဟံဇားဈေးသည် ဈေးအင်္ဂါနှင့် မညီ ယိုယွင်း ပျက်စီးနေပါသည်။ ဟံဇားဈေးသို့ အနီးအနားရှိ ကျေးရွာ (၈) ရွာခန့်မှ လာရောက် ရောင်းဝယ်ဖောက်ကားကြပါသည်။

၄.(၄) လျှပ်စစ်မီး သုံးစွဲမှု အခြေအနေ

သာစည်မြို့မှ ဟံဇာကျေးရွာသို့ 33 KV ဓါတ်အားလိုင်းနှင့် ပို့၍ ကျေးရွာတွင်း၌ 11 KV ထရန်စဖော်မာ (၅) လုံးဖြင့် ဖြန့်ဝေသုံးစွဲကြပါသည်။ မဟာဓါတ်အားလိုင်းမှာ ကောင်းမွန်၍ စက်ယက္ကန်း လုပ်ငန်းအတွက် များစွာ အသုံးဝင်ပါသည်။

၄. (၅) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အခြေအနေ

ကျေးရွာတွင် ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းရုံးရှိပြီး စာများကို ဟံဇာကျေးရွာအပြင် အနီးအနားရှိ ကျေးရွာများသို့ ဖြန့်ဝေ ဆက်သွယ်ပေးပါသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်းများ၊ တီဗွီ၊ ရေဒီယို၊ ဂြိုလ်တုစလောင်းတို့မှ ဖမ်းယူရရှိပါသည်။ မိုဘိုင်းဖုန်းမှတဆင့် အင်တာနက်ချိတ်ဆက်အသုံးပြု၍ ဆိုရှယ်မီဒီယာ အသုံးပြုမှု များလည်း ရှိပါသည်။ ကျေးရွာတွင် ဖုန်း (၇၅၀) ခု၊ ရေဒီယို (၃၀) ခု၊ တီဗွီ (၄၅၀) ခု၊ ဂြိုလ်တု စလောင်း (၁၂၀) ခု တပ်ဆင်အသုံးပြုသည်ကို တွေ့ရှိရပါသည်။

ဆက်သွယ်သွားလာရေးအနေဖြင့် ဆိုင်ကယ် အသုံးပြုမှု များပါသည်။ ကျေးရွာတွင် ဆိုင်ကယ် (၅၈၀)စီး၊ သုံးဘီးဆိုင်ကယ် (၇) စီး၊ ထော်လာကျီ (၆) စီးနှင့် ကား (၄၀) စီး ရှိပါသည်။ နွားလှည်း (၇) စီး ရှိပြီး တောင်သူလုပ်ငန်းတွင်သာ အသုံးပြုကြပါသည်။ ကျေးရွာတွင် မီးရထား ဘူတာ ရှိ၍ စာပို့ရထား ရပ်နားပါသည်။

၄. (၃) တည်ငြိမ်းအေးချမ်းမှု နှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် နယ်မြေလုံခြုံရေးအတွက် ရဲစခန်းရှိပါသည်။ တယ်လီဖုန်းလိုင်းများ ကောင်းမွန်စွာ ချိတ်ဆက်နိုင်ပြီး သတင်းအချက်အလက်များ လွယ်ကူစွာ ဖြန့်ဝေနိုင်ပါသည်။ ကြေနန်းစာတိုက်နှင့် ရဲစခန်းရှိ အဆောက်အအုံများမှာ အိုဟောင်း၍ ယိုယွင်းပျက်စီးနေပြီ ဖြစ်သည်။ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကျေးရွာတွင် အရန်မီးသတ်တပ်ဖွဲ့ ရှိပါသည်။ မီးသတ်တပ်ဖွဲ့၏ အထောက်အကူပြုပစ္စည်းများ လုံလောက်စွာ မရှိ၍ ဖြည့်တင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ မီးသတ်ကား တည်ထောင်ရန်လည်း လိုအပ်ပါသည်။ ကျေးရွာတွင်း ရဲစခန်းရှိခြင်း၊ ပညာတတ်များ ပေါများခြင်းတို့ကြောင့် မှုခင်း၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။

၅. ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

၅. (က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ဟံဇားကျေးရွာသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများစွာ ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် လယ်မြေများ ပိုင်ဆိုင်ခြင်း၊ စက်မှုလုပ်ငန်းသုံးရန် လျှပ်စစ်မီး ရရှိခြင်း၊ ကျေးရွာ ကျန်းမာရေးအတွက် တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းနှင့် တိုင်းရင်း ဆေးပေးခန်းရှိခြင်း၊ ဆက်သွယ်ရေးအတွက် စာတိုက်နှင့် ကြေးနန်းရှိခြင်း၊ ပညာရေးအတွက် အထက်တန်းကျောင်း (၁) ကျောင်း၊ မူလတန်း (၂) ကျောင်းနှင့် မူလတန်းအဆင့် ဘုန်းတော်ကြီး စာသင် ကျောင်း ရှိခြင်း၊ ကျေးရွာလုံခြုံရေးအတွက် ရဲစခန်းရှိခြင်း၊ လူငယ်ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက် ရှိခြင်း၊ ဘောလုံးကွင်း၊ စည်ပင်သာယာဈေး ရှိခြင်း စသည်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ဖြစ်ပါသည်။

(ခ) အဟန့်အတားများ၊ကျော်လွှားရမည့်စိန်ခေါ်မှုများ

ဟံဇားကျေးရွာတွင် တောင်သူများသည် လယ်မြေဧကများ ရှိသော်လည်း စိုက်ပျိုးရေး အရင်းအမြစ်မရှိခြင်း၊ မိုးရေကိုသာ အားထားရ၍ မိုးခေါင်သောနှစ်များတွင် အခက်အခဲ ဖြစ်ပါသည်။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော ယက္ကန်းလုပ်ငန်းတွင် ကုန်ကြမ်းကို နိုင်ငံခြားမှ မှာယူရသောကြောင့် အမြတ်နည်းပါးခြင်း၊ တစ်ခါတစ်ရံ အရှုံးပေါ်ခြင်းများ ရင်ဆိုင်ရပါသည်။ ချည်ထည်လုပ်ငန်းကို ဝမ်းတွင်းမြို့နှင့် ရောင်းဝယ်ဖောက်ကား ပြုလုပ်ကြပါသည်။ ဟံဇားကျေးရွာမှ ဝမ်းတွင်းမြို့သို့ နေ့စဉ်သွားလာနေသော ကျေးရွာချဉ်းကပ်လမ်းသည် မြေသားလမ်း (၃) မိုင် (၆) ဖာလုံကို ဖြတ်သန်းရ၍ မိုးရာသီတွင် သွားလာရ ခက်ခဲပါသည်။

၆. ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြ ပါသည်။ ကျေးရွာ၏ ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများသည် ဆိုးဝါးသော သဘာဝဘေး အန္တရာယ် ကျရောက်မှုမှလွဲ၍ ပြောင်းလဲခြင်း မရှိနိုင်ပေ။ သို့သော် ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအရ အရေးကြီးပြုပြင်ပြောင်းလဲသင့်သော အရာများတွင် ထပ်တိုးစီမံကိန်းများ ထပ်မံ ထည့်ဝင်သွားမည် ဖြစ်ပါသည်။ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

သာစည်မြို့နယ်၊ ဟံဇားကျေးရွာအုပ်စု၊ ဟံဇားကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များ

စဉ်	စီမံချက်အမည်	ဦးစားပေး အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	အ.ထ.က (ဟံဇား) ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း	၁	Â				
၂	ကျေးရွာအဝင် မြောက်တံခါးမှ ရွာတွင်း ကုန်းထိပ်သို့ ပေ (၁၂၀၀) ကွန်ကရစ် လမ်းခင်းခြင်း	၂		Â			
၃	ရွာတွင်းကုန်းထိပ်မှ ရွာအရှေ့ဘက် ကျေးလက်ဆေးပေးခန်းသို့ ပေ (၂၂၀၀) နှင့် ကုန်းထိပ်မှ မိုးယံကောင်းဘုရားသို့ ပေ (၂၆၆၀) စုစုပေါင်း ပေ (၄၈၆၀) အား ကွန်ကရစ်လမ်း ခင်းခြင်း	၃			Â		
၄	ရွာလယ်တောင်မြောက် (ပြည်တော်သာ) လမ်းမကြီးအား မြေသားလမ်းမှ ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ခြင်း	၄				Â	
၅	မီးသတ်ကား ဝယ်ယူတည်ထောင်ခြင်း	၅					Â
၆	စိုက်ပျိုးရေးအတွက် ရေသွင်းမြောင်းများ ပြုပြင်တူးဖော်ခြင်း	၆					Â

သာစည်မြို့နယ်၊ ဟံဇားကျေးရွာအုပ်စု၊ ဟံဇား ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအောင်ဇင်လင်းထိုက်	ဦးမြင့်ဆွေ	၉/ သစန (နိုင်) ၀၉၂၁၉၄	၄၀	ဥက္ကဋ္ဌ	၀၉-၄၀၂၇၂၀၂၆၈
၂	ဦးမြင့်လွင်	ဦးတင်အောင်	၉/ သစန (နိုင်) ၀၂၃၀၆၂	၅၇	ဒု ဥက္ကဋ္ဌ	၀၉-၄၃၁၃၃၀၆၆
၃	ဦးခင်မောင်ဇင်	ဦးအုန်းမြင့်	၉/ သစန (နိုင်) ၀၂၂၅၅၈	၅၅	အတွင်းရေးမှူး	၀၉-၉၆၉၀၉၆၃၉၀
၄	ဦးကိုကိုစိုး	ဦးစိုးမြင့်	၉/ သစန (နိုင်) ၀၉၂၀၀၂	၄၅	ဘဏ္ဍာရေးမှူး	၀၉-၂၂၂၅၅၄၀
၅	ဦးအောင်သူ	ဦးသင်း	၉/ သစန (နိုင်) ၀၂၂၆၅၈	၅၃	စာရင်းကိုင် (၁)	၀၉-၉၇၇၇၉၃၀၉
၆	ဒေါ်ခင်စိုး	ဦးတရုပ်	၉/ သစန (နိုင်) ၀၂၃၀၀၂	၆၁	စာရင်းကိုင် (၂)	၀၉-၄၄၅၁၁၇၀၉၃
၇	ဦးသန်းထိုက်စိုး	ဦးစန်းဝင်း	၉/ သစန (နိုင်) ၁၂၈၂၃၈	၃၂	သော့ကိုင် (၁)	၀၉-၄၂၈၃၇၅၅၇၃
၈	ဦးဝင်းစိုး	ဦးကြီးဆောင်	၉/ သစန (နိုင်) ၀၉၂၀၀၁	၄၆	သော့ကိုင် (၂)	၀၉-၄၀၂၅၂၀၆၀၈
၉	ဦးသူရလှိုင်	ဦးညွှန့်လှိုင်	၉/ သစန (နိုင်) ၀၉၂၁၇၉	၄၁	အဖွဲ့ဝင်	၀၉-၄၀၂၇၂၀၃၀၂
၁၀	ဒေါ်ယဉ်နု	ဦးအောင်မြိုင်	၉/ သစန (နိုင်) ၀၉၂၃၇၁	၃၈	အဖွဲ့ဝင်	၀၉-၈၉၅၃၁၀၄၇၈
၁၁	ဦးအောင်မိုးလွင်	ဦးလှမြင့်	၉/ သစန (နိုင်) ၁၀၉၈၃၈	၃၇	အဖွဲ့ဝင်	၀၉-၄၄၁၉၆၈၄၁၂
၁၂	ဒေါ်မြင့်မြင့်	ဦးမြင့်ဆွေ	၉/ သစန (နိုင်) ၀၂၂၅၆၀	၅၆	အဖွဲ့ဝင်	၀၉-၄၀၃၀၅၃၅၅၀
၁၃	ဒေါ်မာမာဝင်း	ဦးဟန်သစ်	၉/ သစန (နိုင်) ၀၇၃၀၈၇	၄၀	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၆၉	၂၈	၉၇
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၈၄	၈၆	၁၇၀
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၈၁	၉၉	၁၈၀
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁၃	၁၂၉	၂၄၂
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၂၇	၁၅၄၅	၂၈၇၂
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၃၆	၁၆၉	၃၀၅
စုစုပေါင်း		၁၈၁၀	၂၀၅၆	၃၈၆၆
စုစုပေါင်း အိမ်ထောင်စု		၈၃၈		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ် ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ လေ့လာတွေ့ရှိချက် - ကျေးရွာလူဦးရေ ကျား/မ နှိုင်းယှဉ်ရာတွင် အလုပ်လုပ်နိုင်သည့် အရွယ်နှင့် သက်ကြီးရွယ်ကြီးအရွယ်တို့သည် အမျိုးသမီးဦးရေ ပိုများသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို သက်ရှည်ကျန်းမာသည်ကို တွေ့ရပါသည်။ ကျေးရွာလူဦးရေမှာ နို့စို့အရွယ် ၂.၅ %၊ ၅ နှစ်အောက် ကလေးငယ် ၄.၄%၊ မူလတန်းကျောင်းသားအရွယ် ၄.၆%၊ အလယ်တန်းကျောင်းသားအရွယ် ၆.၃%၊ အလုပ်လုပ်နိုင်သည့်

အရွယ် ၇၄.၃%၊ သက်ကြီးရွယ်ကြီး ၇.၈% ဖြစ်ပါသည်။ သက်ကြီးရွယ်ကြီး ၇.၈% ရှိခြင်းသည်ကျေးရွာသူ/ သားများသည် ကျန်းမာရေးကောင်းမွန်ပြီး အသက်ရှည်စွာနေထိုင်ကြသည်ကို တွေ့ရှိရပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၄၈	၂၆၀	၄၂၀	မြင့် ☐ လတ်☑ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၂၃၀	၁၅၀	၅၅၀	မြင့်☐ လတ် ☑ နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၀	၆၅	၆၀	မြင့်☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅၃	၄၀	၁၀	မြင့်☐ လတ် ☑ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၄၃၀	၁၅၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၃၅၀	၁၂၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅၀	၂၅	၀	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၅၀	၂၀	၀	မြင့် ☐လတ် ☐နိမ့် ☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
